## နောက်ဆက်တွဲ (ခ)

**လက်နက်ကုန်သွယ်မှု ဆိုင်ရာ သဘောတူ စာချုပ် (ATT) အဖွဲ့ဝင်**

**နိုင်ငံသစ်များအတွက် 'WELCOME PACK'**

ANNEX B

**'WELCOME PACK' FOR NEW STATES PARTIES**

**TO THE ARMS TRADE TREATY**

**နောက်ဆက်တွဲ (ခ)**

**လက်နက်ကုန်သွယ်မှု ဆိုင်ရာ သဘောတူ စာချုပ် (ATT) အဖွဲ့ဝင် နိုင်ငံသစ်များအတွက်**

**'WELCOME PACK'**


1. နိဒါန်း ........ 3

1.1 ဤ 'WELCOME PACK'သည် မည်သူအတွက် ရည်ရွယ်ပါသနည်း ........ 3

1.2 ATT ဆိုသည်မှာ အဘယ်နည်း........ 3

1.3 သဘောတူစာချုပ်အား စတင်ရေးဆွဲ အသုံးပြုခြင်းနှင့် စတင်အသက်ဝင်မှု........ 3

1.4 ATT သဘောတူစာချုပ်အား နိုင်ငံပေါင်း မည်မျှ ပါဝင်ရေးထိုးထားကြပြီးဖြစ်သနည်း........ 3

1.5 သဘောတူစာချုပ်သည် မည်သည့် အတိုင်းအတာအထိ အကျုံးဝင်ပါသနည်း........ 4

1.5.1 ATTသည် မည်သည့် လက်နက် အမျိုးအစားထိ အကျုံးဝင်ပါသနည်း........ 4

1.5.2 ATTသည် မည်သည့်လွှဲပြောင်းပို့ဆောင်မှု အမျိုးအစားထိ အကျုံးဝင်ပါသနည်း ........ 4

2. ATT လုပ်ငန်းစဉ်........ 4

2.1 အဖွဲ့ဝင် နိုင်ငံသစ်များ၏ ဆွေးနွေးပွဲညီလာခံ ........ 4

2.1.1 မည်သည့် အချိန်တွင် ကျင်းပသနည်း ........ 4

2.1.2 မည်သည့် အချက်များ ဆွေးနွေးသနည်း ........ 5

2.1.3 မည်သူများ တက်ရောက်သနည်း........ 5

2.2 ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ် ........ 5

2.2.1 အလွတ်သဘော ကြိုတင် ပြင်ဆင် အစည်းအဝေးများ ........ 5

2.2.2 အထူး အစည်းအဝေးများ ........ 6

2.3 ATTဖွဲ့စည်းပုံ ........ 6

2.3.1 ဆွေးနွေးပွဲညီလာခံ အရာရှိများ ........ 6

2.3.1.1 ဥက္ကဋ္ဌ........ 6

2.3.1.2 ဒု ဥက္ကဋ္ဌ ........ 6

2.3.1.3 ဆွေးနွေးပွဲ ညီလာခံ အထွေထွေ အတွင်းရေးမှူး........ 6

2.3.2 လက်အောက်ခံ အဖွဲ့များ ........ 6

2.3.2.1 စီမံခန့်ခွဲမှု ကော်မတီ ........ 7

2.3.2.2 အလုပ်အဖွဲ့........ 7

2.3.2.3 စေတနာ့ဝန်ထမ်းရန်ပုံငွေ ရွေးချယ်ရေး ကော်မတီ ........ 7

3. ATTတာဝန် ........ 8

3.1 စာချုပ်အရ လက်နက်လွှဲပြောင်းထိန်းချုပ်ရေးဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း........ 8

3.1.1 ပြည်တွင်း ထိန်းချုပ်ရေး စနစ် ........ 8

3.1.2 လွှဲပြောင်းမှုပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ........ 8

3.1.2.1 အချို့သော လွှဲပြောင်းမှုများကို တားမြစ်ပိတ်ပင်ခြင်း........ 8

3.1.2.2 တင်ပို့ခြင်း........ 9

3.1.2.3 တင်သွင်းခြင်း........ 9

3.1.2.4 ပို့ဆောင်မှုနှင့် သင်္ဘောကူးပြောင်းသယ်ယူခြင်း ........ 10

3.1.2.5 စီးပွားရေး အကျိုးဆောင်(ပွဲစား) ........ 10

3.1.2.6 တရားမဝင်စီးဆင်းပြန့်နှံ့မှု ........ 10

4. စာချုပ်အရ အစီရင်ခံခြင်းဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း ........ 10

4.1 ကနဦး အစီရင်ခံစာများ ........ 10

4.2 နှစ်ချုပ် အစီရင်ခံစာများ ........ 10
4.3 တရားမဝင်စီးဆင်းပြန့်နှံ့မှုဆိုင်ရာ အစီရင်ခံစာများ ........ 10
5. စာချုပ်အရ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း ........ 11
5.1 အဖွဲ့ဝင် နိုင်ငံသစ်များ........ 11
5.2 လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့် လေ့လာအကဲခတ်နေသည့် နိုင်ငံများ ........ 12
6. ATTအကောင်အထည်ဖော်မှုအတွက် အကူအညီနှင့် ပံ့ပိုးကူညီမှု ........ 12
6.1 ATTအတွင်းဝန်ရုံး........ 12
6.1.1 ATTအတွင်းဝန်ရုံး၏ အခန်းကဏ္ဍမှာ အဘယ်နည်း ........ 12
6.1.2 ATTအတွင်းဝန်ရုံး ဆက်သွယ်ရန် နည်းလမ်း ........ 12
6.2 မည်သည့် ဘဏ္ဍာရေး ထောက်ပံ့မှု ရရှိနိုင်ပါသနည်း ........ 12
6.2.1 စေတနာ့ဝန်ထမ်းရန်ပုံငွေ ........ 12
6.2.2 ပံ့ပိုးကူညီမှု အစီအစဉ် ........ 13
6.2.3 UNSCAR ........ 13
6.2.4 EU ATT Outreach ပရောဂျက် ........ 13
6.2.5 နှစ်ဦးနှစ်ဖက် အကူအညီအထောက်အပံ့........ 14
6.3 မည်သည့် နည်းပညာ ထောက်ပံ့မှုများကို ရရှိနိုင်သနည်း ........ 14

## 1. နိဒါန်း

### 1.1 ဤ 'WELCOME PACK'သည် မည်သူ့အတွက် ရည်ရွယ်ပါသနည်း

ဤ 'WELCOME PACK'ကို သဘောတူ စာချုပ် အလုံးစုံ ပါဝင်ကျင့်သုံးလိုက်နာရေးဆိုင်ရာ အလုပ်အဖွဲ့ (WGTU)မှ ဖန်တီးခဲ့ပါသည်။ 'WELCOME PACK'သည် စာချုပ်နှင့် သက်ဆိုင်သည့် အဖွဲ့ဝင်နိုင်ငံသစ်ဖြစ်စေ စာချုပ်ပါ အကြောင်းအရာများကို ပိုမို သိလိုသည့် နိုင်ငံများအတွက် လက်နက်ကုန်သွယ်မှု ဆိုင်ရာ သဘောတူ စာချုပ်၏ လုပ်ငန်းစဉ်၊ တာဝန်များနှင့် သက်ဆိုင်သည့် အခြေခံ ခြုံငုံသုံးသပ်ချက်ကို ပေးရန်အတွက် ဖန်တီးခဲ့ပါသည်။

### 1.2 ATT ဆိုသည်မှာ အဘယ်နည်း

လက်နက်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (ATT) သည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတကာ လက်နက်ရောင်းချပို့ဆောင်မှုများအပေါ် အမြင့်မားဆုံးသော နိုင်ငံတကာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဖြင့် သမားရိုးကျ လက်နက်များ ကုန်သွယ်မှုအား ကြပ်မတ်ရန်ရည်ရွယ်သည့် စာချုပ်တစ်ရပ်ဖြစ်သည်။ တရားမဝင်လက်နက်ကုန်သွယ်မှုများနှင့် လက်နက်များ တရားမဝင် ပျံ့နှံ့စီးဆင်းမှုတို့ကို တိုက်ဖျက်တားဆီးရန်လည်း သဘောတူစာချုပ်မှ ရည်ရွယ်သည်။ အပိုဒ်ခွဲ ၁ အရ သဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- သမာရိုးကျ လက်နက်များ ကုန်သွယ်မှုကို ကြပ်မတ်ထိန်းကျောင်းရန်နှင့် ထိုသို့ကြပ်မတ်မှုအား ပိုမိုအားကောင်းလာစေရန် ဘုံသဘောတူ နိုင်ငံတကာ စံချိန်စံညွှန်းများကို မြင့်မားနိုင်သမျှ အမြင့်မားဆုံး သတ်မှတ် တည်ဆောက်ရန်။
- သမားရိုးကျ လက်နက်များ တရားမဝင် ကုန်သွယ်မှုအား တားဆီးရန်နှင့် လက်နက်များ တရားမဝင်ပျံ့နှံ့မှု များအား တားဆီးရန်။
  ထိုသို့ တားဆီးရသည့် ရည်ရွယ်ချက်မှာ
- အပြည်ပြည်ဆိုင်ရာ နှင့် ဒေသအရပ်ရပ်တွင် ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ရှိစေရန် လည်းကောင်း
- လူအများခံစားနေရသော ဆင်းရဲဒုက္ခများအား လျော့နည်းလာစေရန်လည်းကောင်း
- အပြည်ပြည်ဆိုင်ရာ သမားရိုးကျလက်နက်ကုန်သွယ်မှုများ ပြုလုပ်ရာတွင် အဖွဲ့ဝင် နိုင်ငံများမှ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာရှိမှု ၊ တာဝန်ယူတတ်မှု စသည်တို့ ပိုမိုရှိလာစေရန် စွမ်းဆောင်ခြင်းဖြင့် နိုင်ငံအချင်းချင်းကြား ယုံကြည်မှုကို တည်ဆောက်လာနိုင်ကြစေရန် လည်းကောင်း ဖြစ်သည်။

" ဒါဟာ အပြည်ပြည်ဆိုင်ရာ လက်နက်အရောင်းအဝယ်လုပ်ကြတဲ့အခါ တာဝန်သိမှု၊ တာဝန်ခံမှု ၊ ပွင့်လင်းမြင်သာမှု စတာတွေ ရှိလာဖို့ ကျွန်တော်တို့ စတင် ပူးပေါင်းကြိုးပမ်းကြတဲ့ ပဏာမ ခြေလှမ်းသစ်တစ်ရပ် ဖြစ်တယ်ဆိုတာကို ရည်ညွှန်းနေပါတယ်" ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီးမွန်းပြောကြား[1]

ATT သဘောတူစာချုပ်သည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း လုံခြုံ၊အေးချမ်း၊တည်ငြိမ်မှုရှိစေရန် ၊ လူအများ ခံစားနေရသည့် ဆင်းရဲဒုက္ခများ နည်းနိုင်သမျှနည်းလာစေရန်နှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု ၊ ပွင့်လင်းမြင်သာရှိမှု ၊ တာဝန်ယူမှု စသည်တို့ ပိုမိုရှိလာစေရေးအတွက် အထောက်အကူပြုရန် ဖြစ်သည်။

### 1.3 သဘောတူစာချုပ်အား စတင်ရေးဆွဲ အသုံးပြုခြင်းနှင့် စတင်အသက်ဝင်မှု

ဤသဘောတူစာချုပ်အား ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်ဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် စတင်ရေးဆွဲ အသုံးပြုခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စာချုပ်သည် ဥပဒေအရ စတင်အသက်ဝင်ခဲ့သည်။ သမာရိုးကျ လက်နက် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် တရားဝင် စည်းနှောင်မှု ရှိသည့် ပထမဦးဆုံးသော နိုင်ငံတကာ သဘောတူစာချုပ် ဖြစ်လာခဲ့သည်။

### 1.4 ATT သဘောတူစာချုပ်အား နိုင်ငံပေါင်း မည်မျှ ပါဝင်ရေးထိုးထားကြပြီးဖြစ်သနည်း

ယခုအချိန်အထိ နိုင်ငံပေါင်း ၁၀၀ ကျော်ခန့် သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးကြပြီးဖြစ်သည်။ အချို့ နိုင်ငံများမှာ စာချုပ်တွင် လက်မှတ်ရေးထိုးထားကြပြီး ဖြစ်ကာ အတည်မပြုရသေးခြင်းသာ ဖြစ်သည်။ ATT သဘောတူစာချုပ်တွင် ပါဝင်သည့် အဖွဲ့နိုင်ငံများနှင့်

[1] (၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ လက်နက်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် စတင် ဥပဒေအသက်ဝင်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှ ပြောကြားခဲ့သည့် အဆို၊ https://www.un.org/sg/en/content/sg/statement/2014-12-23/statement-secretary-general-entry-force-arms-trade-treaty တွင်ဝင်ကြည့်နိုင်သည်)

ပတ်သက်ပြီး(ဒေသဆိုင်ရာ ခြုံငုံသုံးသပ်ချက် အပါအဝင်) လက်ရှိ အချက်အလက်များ သိလိုပါက https://www.thearmstradetreaty.org/treaty-status.html?templateId=209883 လိပ်စာဖြင့် ATT ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## 1.5 သဘောတူစာချုပ်သည် မည်သည့် အတိုင်းအတာအထိ အကျုံးဝင်ပါသနည်း

ATT သဘောတူစာချုပ်သည် သတ်မှတ်ထားသည့် အတန်းအစားဝင် လက်နက်များနှင့် လွှဲပြောင်းပို့ဆောင်သည့် ပုံစံ အချို့အား ထိန်းသိမ်းကြပ်မတ်ရန် ရည်ရွယ်သည်။

### 1.5.1 ATTသည် မည်သည့် လက်နက် အမျိုးအစားထိ အကျုံးဝင်ပါသနည်း

ATT သည် အောက်တွင် ဖော်ပြထားသော သမာရိုးကျ လက်နက်များနှင့် သက်ဆိုင်သည့် နိုင်ငံတကာ ကုန်သွယ်မှုကို ထိန်းချုပ်ကန့်သတ်ထားသည်။ (အပိုဒ်ခွဲ ၂ (၁)အား ကြည့်ရန်)

၁) တိုက်ပွဲသုံး တင့်ကားများ

၂) သံချပ်ကာ တိုက်ခိုက်ရေး ယာဉ်များ

၃) အရွယ်အစား ကြီးမားသော အမြောက်စနစ်များ

၄) တိုက်ခိုက်ရေး လေယာဉ်

၅) တိုက်ခိုက်ရေး ရဟတ်ယာဉ်များ

၆) စစ်သင်္ဘောများ

၇) ဒုံးကျည်များနှင့် ဒုံးပစ်လောင်ချာများ

၈) လက်နက်ငယ်များနှင့် အပေါ့စား လက်နက်များ

ATT သည် အထက်တွင် ဖော်ပြထားသော သမာရိုးကျ လက်နက်များဖြင့် ပစ်လွှတ်ပစ်ခတ်ခြင်း၊ ပစ်လွှတ်နိုင်သည့် လက်နက်ခဲယမ်းမီးကျောက်များ တင်ပို့ခြင်း၊ အထက်ပါ သမာရိုးကျ လက်နက်များကို တပ်ဆင်နိုင်သည့် ပုံစံများဖြင့် တင်ပို့သည့် အစိတ်အပိုင်းများနှင့် ဆက်စပ် ပစ္စည်းများ တင်ပို့မှုအထိ အကျုံးဝင်ပါသည်။ (အပိုဒ်ခွဲ၃ ၊ အပိုဒ်ခွဲ၄အား ကြည့်ရန်)

အောက်ပါ လုပ်ဆောင်ချက်အမျိုးအစားတို့ကို ATT မှ သတ်မှတ်ထိန်းချုပ်ထားသည်။ (အပိုဒ်ခွဲ ၂(၂)အား ကြည့်ရန်)

- တင်ပို့ခြင်း
- တင်သွင်းခြင်း
- ပို့ဆောင်ခြင်း၊ သင်္ဘောဖြင့်ကုန်ကူးခြင်း
- ကြားခံပွဲစားအနေဖြင့် ဆောင်ရွက်ခြင်း

သမာရိုးကျ လက်နက်များသည် အဖွဲ့ဝင် နိုင်ငံ၏ ပိုင်ဆိုင်မှုအောက်တွင် ရှိသည့် အခြေအနေမျိုး ဖြစ်ပါက ထို နိုင်ငံမှ နိုင်ငံတကာ (နိုင်ငံရပ်ခြား)သို့ လက်နက်ရွှေ့ပြောင်းခြင်း သို့မဟုတ် ၄င်း နိုင်ငံ အသုံးပြုရန် ကိုယ်စား ရွှေ့ပြောင်းပေးခြင်းတို့သည် ဤ စာချုပ်နှင့် မသက်ဆိုင်ကြောင်းကိုလည်း စာချုပ်တွင် အတိအလင်း ဖေါ်ပြထားသည်။ (အပိုဒ်ခွဲ ၂ (၃)အား ကြည့်ရန်)

ထို့အပြင် ATT သည် '၄င်းတို့၏ ကိုယ်ပိုင် ကာကွယ်ရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ဆောင်ရန် အတွက် သမာရိုးကျ လက်နက်များ ရရှိပိုင်ခွင့်"ကို တရားဝင် အသိအမှတ်ပြုသည်။(ATT မူ၊ စာပိုဒ်၇အား ကြည့်ရန်)

# 2. ATT လုပ်ငန်းစဉ်

## 2.1 အဖွဲ့ဝင် နိုင်ငံသစ်များ၏ ဆွေးနွေးပွဲညီလာခံ

### 2.1.1 မည်သည့် အချိန်တွင် ကျင်းပသနည်း

စာချုပ်ပါ အပိုဒ်ခွဲ ၁၇(၁)အရ အသင်းဝင်နိုင်ငံများ၏ ညီလာခံသည် နောက်တစ်ကြိမ် ညီလာခံ ကျင်းပမည့် အချိန်ကို ဆုံးဖြတ်နိုင်သည်။ လက်တွေ့အမှန်တကယ် ညီလာခံတွင် သီးသန့် ဆုံးဖြတ်ထားခြင်း မရှိပါက နှစ်စဉ် ညီလာခံ ကျင်းပရမည်ဟု စည်းမျဉ်းစည်းကမ်းများကို ပြဌာန်းထားသည်။ (လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၁၁အား ကြည့်ရန်)

ATT အသင်းဝင်နိုင်ငံများ ဆွေးနွေးပွဲ ညီလာခံများကို အောက်ပါအတိုင်း ကျင်းပခဲ့ပါသည်။

- ATT အသင်းဝင်နိုင်ငံများ ပထမအကြိမ် ညီလာခံ (CSP1) ၂၄ရက်မှ ၂၇ရက် အထိ ဩဂုတ်လ ၂၀၁၅ ခုနှစ် မက္ကဆီကို ကန်ကွန်း
- ATT အသင်းဝင်နိုင်ငံများ ဒုတိယအကြိမ် ညီလာခံ (CSP2) ၂၂ရက်မှ ၂၅ရက် အထိ ဩဂုတ်လ ၂၀၁၆ ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ
- ATT အသင်းဝင်နိုင်ငံများ တတိယအကြိမ် ညီလာခံ (CSP3)၁၁ရက်မှ ၁၅ရက်အထိ စက်တင်ဘာလ ၂၀၁၇ ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ
- ATT အသင်းဝင်နိုင်ငံများ စတုတ္ထအကြိမ် ညီလာခံ (CSP4)၂၀ရက်မှ ၂၄ရက်အထိ ဩဂုတ်လ ၂၀၁၈ ခုနှစ် ဂျပန် တိုကျို

- ATT အသင်းဝင်နိုင်ငံများ ပဥ္စမအကြိမ် ညီလာခံ (CSP5) ၂၆ရက်မှ ၃၀ရက်အထိ ဩဂုတ်လ ၂၀၁၉ ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ
- ATT အသင်းဝင်နိုင်ငံများ ဆဋ္ဌမအကြိမ် ညီလာခံ (CSP6) ၁၇ရက်မှ ၂၁ရက်အထိ ဩဂုတ်လ ၂၀၂၀ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ
- ATT အသင်းဝင်နိုင်ငံများ သတ္တမအကြိမ် ညီလာခံ (CSP7) ၃၀ရက် ဩဂုတ်လမှ ၃ရက် စက်တင်ဘာလ ၂၀၂၁ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ
- ATT အသင်းဝင်နိုင်ငံများ အဋ္ဌမအကြိမ် ညီလာခံ (CSP8) ၂၂ရက်မှ ၂၆ရက်အထိ ဩဂုတ်လ ၂၀၂၂ခုနှစ် ဆွစ်ဇာလန် ဂျနီဗာ

### 2.1.2 မည်သည့် အချက်များ ဆွေးနွေးသနည်း

အသင်းဝင်နိုင်ငံများ၏ ဆွေးနွေးပွဲ ညီလာခံ အခန်းကဏ္ဍမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁) သမာရိုးကျ လက်နက် ကုန်သွယ်မှု ကဏ္ဍတွင် တိုးတက်မှုများ အပါအဝင် ဤ စာချုပ်အား အကောင်အထည် ဖော်ဆောင်မှုကို ပြန်လည်သုံးသပ်ခြင်း၊

၂) ဤ သဘောတူ စာချုပ်အား အကောင်အထည်ဖော်ဆောင်မှုနှင့် အသက်ဝင်ရေး၊ အထူးသဖြင့် နိုင်ငံတိုင်း ပိုမို ပါဝင်ကျင့်သုံးလိုက်နာမှုများ ပိုမိုကျယ်ပြန့်လာစေခြင်းနှင့် သက်ဆိုင်သည့် အကြံပြုချက်များကို ဆန်းစစ်ပြီး ရွေးချယ်ခြင်း၊

၃) အပိုဒ်ခွဲ ၂၀ အရ ဤ သဘောတူ စာချုပ်၏ ပြင်ဆင် ဖြည့်စွက်ချက်များကို ဆန်းစစ်ခြင်း၊

၄) ဤ သဘောတူ စာချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ ဖြစ်ပေါ်လာသော ဆွေးနွေးရန် အကြောင်းအရာများကို ဆန်းစစ်ခြင်း၊

၅) အတွင်းဝန်ရုံး၏ လုပ်ငန်းတာဝန်များနှင့် ဘတ်ဂျက်များကို ဆန်းစစ်ပြီး ဆုံးဖြတ်ခြင်း၊

၆) ဤ သဘောတူ စာချုပ်၏ လုပ်ငန်းဆောင်တာများ ပိုမို ကောင်းမွန်လာနိုင်စေရန် အတွက် လိုအပ်သည့် လက်အောက်ခံ အဖွဲ့ တည်ထောင်မှုကို ဆန်းစစ်ခြင်း၊ ပြီးနောက်

၇) ဤ သဘောတူ စာချုပ်နှင့် ကိုက်ညီသော အခြား မည်သည့်လုပ်ငန်းဆောင်တာများကို မဆို လုပ်ဆောင်ခြင်း (အပိုဒ်ခွဲ ၁၇ (၄)အား ကြည့်ရန်)

### 2.1.3 မည်သူများ တက်ရောက်သနည်း

လုပ်ထုံးလုပ်နည်း နည်းဥပဒေသည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တောင်းဆိုချက် အရ ညီလာခံ အစည်းအဝေးတွင် သီးခြား ဆုံးဖြတ်ထားခြင်း မရှိပါက ညီလာခံအစည်းအဝေးကို အများသူငါ သိရှိနိုင်ရန် လုပ်ဆောင်ရမည်ဟု သတ်မှတ် ပြဌာန်းထားသည်။ (လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၁၃အား ကြည့်ရန်) ထို့ကြောင့် အဖွဲ့ဝင် နိုင်ငံများ၊ လက်မှတ်ရေးထိုးထားသော နိုင်ငံများ၊ လေ့လာအကဲခတ်နေသည့် နိုင်ငံများ(သဘောတူစာချုပ်ပါ အဖွဲ့ဝင် နိုင်ငံနှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသော နိုင်ငံများ) နှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အထူး အေဂျင်စီများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်း နယ်ပယ် အားလုံးသည် ညီလာခံ အစည်းအဝေးကို တက်ရောက်နိုင်သည်။ (လုပ်ထုံးလုပ်နည် နည်းဥပဒေ အပိုဒ်ခွဲ ၁-၅အား ကြည့်ရန်)

သို့သော်လည်း အဖွဲ့ဝင် နိုင်ငံများသာလျှင် ညီလာခံ အစည်းအဝေးတွင် '*အပြည့်အဝ*' ပါဝင်နိုင်သည်။(ဆိုလိုသည်မှာ၊ ဆုံးဖြတ်ချက်များကို ချမှတ်ရန်နှင့် လိုအပ်လာပါက ဆုံးဖြတ်ချက်များ အပေါ် မဲခွဲဆုံးဖြတ်ပိုင်ခွင့်သည် အဖွဲ့ဝင် နိုင်ငံများသာလျှင် လုပ်ဆောင်နိုင်ခြင်းကြောင့် ဖြစ်သည်) လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ညီလာခံ အစည်းအဝေးကို တက်ရောက်နိုင်သော်လည်း ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခွင့် မရှိပါ။ လေ့လာအကဲခတ်သည့် နိုင်ငံများ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများ စသည်တို့သည် လေ့လာသူများ အနေဖြင့် အစည်းအဝေးကို တက်ရောက်နိုင်ပြီး မျက်နှာစုံညီ အစည်းအဝေးတွင် သဘောထားထုတ်ပြန်ချက်ကို တင်ပြနိုင်ခြင်း၊ တရားဝင် စာရွက်စာတမ်းများကို လက်ခံခြင်း၊ မိမိတို့၏ အမြင်များကို အစည်းအဝေးတွင် စာဖြင့် တင်ပြခြင်းတို့ ပြုနိုင်သည်။

## 2.2 ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်

### 2.2.1 အလွတ်သဘော ကြိုတင် ပြင်ဆင် အစည်းအဝေးများ

အဖွဲ့ဝင် နိုင်ငံ အသီးသီး၏ အစည်းအဝေး ကြားဖြတ်ကာလအတွင်းတွင် ဂျနီဗာ ATT အတွင်းဝန်ရုံး၌ နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေး အတွက် အလွတ်သဘော ကြိုတင် ပြင်ဆင်သည့် အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေး ဘယ်နှကြိမ် ကျင်းပမည်၊ ကျင်းပချိန် မည်မျှ ကြာမြင့်မည် စသည်နှင့် ပတ်သက်ပြီး သတ်မှတ်ထားခြင်း မရှိသော်လည်း ယေဘုယျအားဖြင့် မျက်နှာစုံညီ အစည်းအဝေး မကျင်းပမီ အလွတ်သဘော ကြိုတင် ပြင်ဆင်သည့် အစည်းအဝေး နှစ်ခုကို တစ်ရက်တာအတွင်း ကျင်းပသည်။ အကြို အစည်းအဝေး ရက်ကို ယေဘုယျအားဖြင့် ATT လုပ်ငန်းအဖွဲ့ အစည်းအဝေး(၂.၃.၂.၂အား ကြည့်ရန်)နှင့် တစ်ပြိုင်နက်တည်း ကျင်းပနိုင်ရန် ပြောင်းလဲစီစဉ်နိုင်သည်။ အကြို အစည်းအဝေးကို အများသူငါ သိရှိနိုင်အောင် လုပ်ဆောင်ရမည်။

### 2.2.2 အထူး အစည်းအဝေးများ

အပိုဒ်ခွဲ ၁၇ (၅)သည် အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံ၏ အဆိုပြုချက်အား အဖွဲ့ဝင် နိုင်ငံများ၏ သုံးပုံ နှစ်ပုံမှ ထောက်ခံပါက အဖွဲ့ဝင် နိုင်ငံ အသီးသီး၏ အစည်းအဝေး ကြားဖြတ်ကာလအတွင်း အထူး အစည်းအဝေးများ ကျင်းပနိုင်ရန် အတွက် စဉ်းစားဆုံးဖြတ်နိုင်သည်။ အထူး အစည်းအဝေးများကို သီးခြား ဆုံးဖြတ်ထားခြင်း မရှိပါက ဂျနီဗာရှိ အတွင်းဝန်ရုံးတွင် ကျင်းပသည်။ (လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၁၄အား ကြည့်ရန်)

## 2.3 ATTဖွဲ့စည်းပုံ

### 2.3.1 ဆွေးနွေးပွဲညီလာခံ အရာရှိများ

#### *2.3.1.1 ဥက္ကဋ္ဌ*

လက်နက်ကုန်သွယ်မှု ဆိုင်ရာ သဘောတူ စာချုပ် (ATT) အဖွဲ့ဝင် နိုင်ငံများသည် မျက်နှာစုံညီ ညီလာခံ အစည်းအဝေး (CSP)တွင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းစဉ်များ အပါအဝင် နောက်နှစ်တွင် ကျင်းပမည့် အဖွဲ့ဝင် နိုင်ငံများ၏ နှစ်စဉ် အစည်းအဝေးကို ဦးဆောင်မည့် ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်သည်။

အောက် ဖော်ပြပါ ပုဂ္ဂိုလ်များသည် မျက်နှာစုံညီ ညီလာခံ အစည်းအဝေး၏ ဥက္ကဋ္ဌများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

-CSP1: Jorge Lomónaco မက္ကဆီကို သံအမတ်ကြီး

- CSP2: Emmanuel E. Imohe နိုင်ဂျီးရီးယား သံအမတ်ကြီး:

-CSP3: Klaus Korhonen ဖင်လန် သံအမတ်ကြီး:

-CSP4: Nobushige Takamizawa ဂျပန် သံအမတ်ကြီး:

-CSP5: Jānis Kārkliņš လတ်ဗီးယား သံအမတ်ကြီး:

-CSP6: Carlos Foradori / Federico Villegas အာဂျင်တီးနား သံအမတ်ကြီး:

-CSP7: Lansana Gberie /Sierra Leone သံအမတ်ကြီး:

-CSP8: Thomas Göbel ဂျာမဏီ သံအမတ်ကြီး:

-CSP9: Seong-mee Yoon တောင်ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး:

#### *2.3.1.2 ဒု ဥက္ကဋ္ဌ*

လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၉ အရ ATT အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဆက်ရှင်(session)တစ်ခုစီတွင် နောက် ကျင်းပမည့် အစည်းအဝေး ဆက်ရှင်(session)အတွက် ဥက္ကဋ္ဌ တစ်ဦးနှင့် ဒုဥက္ကဋ္ဌ လေးဦးကို အဖွဲ့ဝင် နိုင်ငံများ၏ ကိုယ်စားလှယ်ထဲမှ ရွေးချယ် တင်မြှောက်သည်။ ဥက္ကဋ္ဌ တစ်ဦးနှင့် ဒုဥက္ကဋ္ဌ လေးဦးကို အလွတ်သဘောဖြင့် 'လုပ်ငန်းဆောင်ရွက်သောအဖွဲ့_ဗျူရို 'the Bureau'ဟု ခေါ်ဆိုပြီး၊ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်သည့် အစည်းအဝေး ပြီးဆုံးချိန်မှ စတင်ပြီးနောက် ပုံမှန် အစည်းအဝေး အပြီး နောက်ဆက်ခံမည့်သူများ ရွေးချယ် တင်မြှောက်သည်အထိ တာဝန် ထမ်းဆောင်ရသည်။ ဥက္ကဋ္ဌသည် (ဒုဥက္ကဋ္ဌများ၏ အကူအညီကို ရယူကာ) တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ကျင်းပသည့် မျက်နှာစုံညီ အစည်းအဝေး၏ အထူး အစည်းအဝေးကို တာဝန်ယူ ဆောင်ရွက်သည်။

#### *2.3.1.3 ဆွေးနွေးပွဲ ညီလာခံ အထွေထွေ အတွင်းရေးမှူး*

လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၁၀ အရ ATT အထွေထွေ အတွင်းရေးမှူးသည် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးနှင့် လက်အောက်ခံ အဖွဲ့များ၏ ဆက်ရှင်(session)တိုင်းတွင် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး အတွင်းရေးမှူးအဖြစ် လုပ်ဆောင်သည်။ အထွေထွေ အတွင်းရေးမှူးသည် ပုံမှန်ကျင်းပသည့် အစည်းအဝေး၊ အထူး အစည်းအဝေးနှင့် စပ်လျဉ်း၍ လိုအပ်သော ပြင်ဆင်မှုများကို လုပ်ဆောင်ပြီး၊ စာချုပ်ပါ အပိုဒ်ခွဲ ၁၈ (၃) (ဃ)အရ အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးမှ တောင်းဆိုလာနိုင်သော အလုပ်တာဝန်များ အားလုံးကို လုပ်ဆောင်ရသည်။

ATT အထွေထွေ အတွင်းရေးမှူး၏ အခြား အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများကို ဗ.၁.၁တွင် ဖော်ပြထားသည်။

### 2.3.2 လက်အောက်ခံ အဖွဲ့များ

လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၄၂သည် စာချုပ်ပါ အပိုဒ်ခွဲ ၁၇ (၄)အရ အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးတွင် လက်အောက်ခံ အဖွဲ့များကို ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ လုပ်ပိုင်ခွင့်၊ အရာရှိများ၊ ဖွဲ့စည်းပုံ၊ အရွယ်အစား၊ ကြာမြင့်ချိန်၊ ဘတ်ဂျက်ဆိုင်ရာ ပြဿနာများ စသည်ဖြင့် စာချုပ်အရ ဖွဲ့စည်းထားသည့် လက်အောက်ခံ အဖွဲ့များမှ ဆန်းစစ်ရမည့် အကြောင်းအရာ ကိစ္စရပ်များကို အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက် ချရသည်။

လက်ရှိအနေအထားအရ ATTတွင် အောက် ဖော်ပြပါ လက်အောက်ခံ အဖွဲ့များ ထားရှိသည်။

- စီမံခန့်ခွဲမှုကော်မတီ
- လုပ်ငန်းအဖွဲ့ သုံးခု
  ◦ ထိရောက်သော သဘောတူစာချုပ် အကောင်ထည်ဖော်ဆောင်ရေး အလုပ်အဖွဲ့
  ◦ ပွင့်လင်းမြင်သာမှု၊ အစီရင်ခံစာ အလုပ်အဖွဲ့
  ◦ သဘောတူ စာချုပ်တွင် အလုံးစုံ ပါဝင်ကျင့်သုံးလိုက်နာရေးဆိုင်ရာ အလုပ်အဖွဲ့
- စေတနာ့ဝန်ထမ်းရန်ပုံငွေ ရွေးချယ်ရေး ကော်မတီ

အဖွဲ့အစည်း တစ်ခုစီ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများသည် အောက်ပါ အတိုင်း ဖြစ်သည်။

*2.3.2.1 စီမံခန့်ခွဲမှု ကော်မတီ*

ATT ပထမအကြိမ် ညီလာခံသည် သဘောတူ စာချုပ်ပါ အပိုဒ်ခွဲ ၁၇(၄)နှင့် လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၄၂ အရ စီမံခန့်ခွဲမှု ကော်မတီကို လက်အောက်ခံအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ စီမံခန့်ခွဲမှု ကော်မတီ၏ အခန်းကဏ္ဍမှာ ဘတ်ဂျက်ပိုင်းဆိုင်ရာ ပြဿနာများ၊ ATT အတွင်းဝန်ရုံးနှင့် သက်ဆိုင်သည့် အခြား ပြဿနာများကို ကြီးကြပ် ကွပ်ကဲခြင်းဖြင့် တာဝန်ခံမှု၊ အကျိုးထိရောက်မှု၊ ပွင့်လင်းမြင်သာမှုများကို သေချာအောင် ဆောင်ရွက်စေပြီး အတွင်းဝန်ရုံး၏ လည်ပတ်မှုကို အစွမ်းကုန် တာဝန်ယူစေသည်။

စီမံခန့်ခွဲမှု ကော်မတီသည် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ ဒေသဆိုင်ရာ အဖွဲ့တစ်ခုစီမှ သတ်မှတ်ထားသော အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ATT အတွင်းဝန်ရုံး ကိုယ်စားလှယ်သည် အစည်းအဝေးကို တက်ရောက်သည်။ လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ ကိုယ်စားလှယ်များမှလည်း တက်ရောက်ရန် သင့်တော်ပါက စီမံခန့်ခွဲမှု ကော်မတီ၏ ဖိတ်ကြားခြင်းမှ တစ်ဆင့် လေ့လာ အကဲခတ် နိုင်ငံအဖြစ် စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးကို တက်ရောက်နိုင်သည်။ စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်( ATTဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ မပါဝင်) ၏ တာဝန်ထမ်းဆောင်ချိန်သည် ၂နှစ်တာ ဖြစ်ပြီး သက်တမ်းတိုးကာ တာဝန် ဆက်လက် ထမ်းဆောင်နိုင်သည်။

စီမံခန့်ခွဲမှု ကော်မတီ လည်ပတ်မှုသည် စီမံခန့်ခွဲမှု ကော်မတီ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TOR)ကို လိုက်နာပါသည်။

*2.3.2.2 အလုပ်အဖွဲ့*

အောက်တွင် ဖော်ပြထားသော အလုပ်အဖွဲ့သည် ၂၀၁၆ခုနှစ် ဒုတိယအကြိမ် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးတွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၇ခုနှစ် တတိယအကြိမ် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဆုံးဖြတ်ချက် အရ တရားဝင် အလုပ်အဖွဲ့အဖြစ် အဆင့်တိုးမြင့်ခဲ့သည်။

- ထိရောက်သော သဘောတူ စာချုပ် အကောင်အထည် ဖော်ဆောင်ရေး အလုပ်အဖွဲ့ (WGETI)
- ပွင့်လင်းမြင်သာမှု၊ အစီရင်ခံစာ အလုပ်အဖွဲ့ (WGTR)
- သဘောတူ စာချုပ် အလုံးစုံ ပါဝင်ကျင့်သုံးလိုက်နာရေးဆိုင်ရာ အလုပ်အဖွဲ့ (WGTU)

အလုပ်အဖွဲ့ အသီးသီး၏ သဘာပတိ သို့မဟုတ် ပူးတွဲ သဘာပတိကို အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဥက္ကဋ္ဌမှ ခန့်အပ်ကာ၊ အုပ်စုလိုက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TOR)အရ အလုပ်အဖွဲ့ အသီးသီး၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ထိရောက်သော သဘောတူ စာချုပ် အကောင်အထည် ဖော်ဆောင်ရေး အလုပ်အဖွဲ့ (WGETI)သည် နိုင်ငံတော်အဆင့် သဘောတူ စာချုပ်၏ လက်တွေ့အမှန်တကယ် ဖော်ဆောင်မှုနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ စိန်ခေါ်မှုများကို ဖလှယ်ကြသည်။ ပွင့်လင်းမြင်သာမှု၊ အစီရင်ခံစာ အလုပ်အဖွဲ့ (WGTR) သည် အလုပ်အဖွဲ့၏ အမည်(ဆိုလိုသည်မှာ သဘောတူ စာချုပ် အရ ပွင့်လင်းမြင်သာမှု၊ အစီရင်ခံစာ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် ပြဿနာ)တွင် ဖော်ပြထားသည့် အတိုင်း ယေဘုယျ အပိုင်းကဏ္ဍမှ အဖွဲ့ဝင် နိုင်ငံများ သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်သည်။ သဘောတူ စာချုပ် အလုံးစုံ ပါဝင်ကျင့်သုံး လိုက်နာရေးဆိုင်ရာ အလုပ်အဖွဲ့(WGTU)သည် သဘောတူ စာချုပ်ဆိုင်ရာ အလုံးစုံ ပါဝင်ကျင့်သုံး လိုက်နာမှုနှင့် သက်ဆိုင်သည့် အမြင်များ၊ အကောင်အထည် ဖော်ဆောင်မှုများကို ထုတ်ဖော်ကာ မျှဝေသည်။ ပုံမှန်အနေအထားအရ အလုပ်အဖွဲ့ အစည်းအဝေးသည် စုစုပေါင်း ၃ရက်တိုင် ကြာမြင့်ကာ နှစ်စဉ် ၂ကြိမ်(အဖွဲ့ဝင် နိုင်ငံများ အစည်းအဝေး၏ အလွတ်သဘော အကြို အစည်းအဝေး အချိန်နှင့် ညီ(၂.၂.၁အား ကြည့်ရန်)ကျင်းပသည်။ အလုပ်အဖွဲ့ အသီးသီးတို့သည် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် သက်ဆိုင်သည့် အစီရင်ခံစာကို အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေးတိုင်းတွင် တင်ပြအစီရင်ခံသည်။

*2.3.2.3 စေတနာ့ဝန်ထမ်းရန်ပုံငွေ (VTF) ရွေးချယ်ရေး ကော်မတီ*

ATT ဒုတိယ အကြိမ် အဖွဲ့ဝင် နိုင်ငံများ အစည်းအဝေးသည် နှစ်စဉ် အဆိုပြုလွှာ တောင်းဆိုချက်များ အရ ပရောဂျက် တောင်းဆိုချက်များနှင့် သက်ဆိုင်သည့် ခွဲဝေ ချထားပေးသည့် ပမာဏ အစရှိသည့် စေတနာ့ဝန်ထမ်းရန်ပုံငွေ စီမံခန့်ခွဲမှုကို ကြီးကြပ်ကွပ်ကဲသည်။ သဘောတူ စာချုပ် အပိုဒ်ခွဲ ၁၇ (၄)နှင့် လုပ်ထုံးလုပ်နည်း နည်းဥပဒေ အပိုဒ်ခွဲ ၄၂ အရ VTF ရွေးချယ်ရေး ကော်မတီကို လက်အောက်ခံ အဖွဲ့အဖြစ် ခန့်ထားခဲ့ပြီး(၆.၂.၁အား ကြည့်ရန်)၊ ဤ ကော်မတီသည် အဖွဲ့ဝင် ၁၅ဦးဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင် အားလုံးသည် ၂နှစ်တာ ကာလ အတွင်း တာဝန်

ထမ်းဆောင်သည်(နောက်ထပ် သက်တမ်းအတွက် ပြန်လည် ခန့်အပ်နိုင်)။ VTF ရွေးချယ်ရေး ကော်မတီ လည်ပတ်မှုသည် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TOR)ကို လိုက်နာသည်။ VTF ရွေးချယ်ရေး ကော်မတီသည် အဖွဲ့ဝင် နိုင်ငံများထဲမှ တစ်နိုင်ငံကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီး VTF ရွေးချယ်ရေး ကော်မတီ သဘာပတိသည် အဖွဲ့ဝင် နိုင်ငံများ အစည်းအဝေးတွင် VTF လုပ်ငန်းဆောင်ရွက်မှုနှင့် အခြေအနေများကို အစီရင်ခံတင်ပြသည်။

# 3. ATTတာဝန်

## 3.1 စာချုပ်အရ လက်နက်လွှဲပြောင်းထိန်းချုပ်ရေးဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း

### 3.1.1 ပြည်တွင်း ထိန်းချုပ်ရေး စနစ်

သမာရိုးကျ လက်နက်၊ခဲယမ်း၊လက်နက် အစိတ်အပိုင်းများနှင့် ဆက်စပ် ပစ္စည်းများ၏ တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ပို့ဆောင်ခြင်း၊ သင်္ဘောကူးပြောင်း သယ်ယူခြင်းနှင့် သက်ဆိုင်သည့် စီးပွားရေး အကျိုးဆောင် လုပ်ဆောင်မှုများကို ထိန်းချုပ်ရန် အတွက် ပြည်တွင်း ထိန်းချုပ်ရေး စနစ်ကို ထူထောင်ပြီး ထိန်းထားရန်မှာ သဘောတူ စာချုပ် အပိုဒ်ခွဲ ၅ အရ အဖွဲ့ဝင် နိုင်ငံများ၏ အရေးကြီးသည့် တာဝန်ဖြစ်သည်။

ပြည်တွင်း ထိန်းချုပ်ရေး စနစ်၏ အစိတ်အပိုင်း တစ်ခုအနေနှင့် အဖွဲ့ဝင် နိုင်ငံ အသီးသီးသည် ထိန်းချုပ်ရေး စနစ် သက်ရောက်သည့် လက်နက်များ၊ အမျိုးအစားများကို သတ်မှတ်သည့် နိုင်ငံတော်အစိုးရမှ ထိန်းချုပ်ရမည့် ပစ္စည်းများ စာရင်းကို ပြုစုကာ ထိန်းထားရမည်။ ဆိုလိုသည်မှာ လက်နက်၊ ခဲယမ်း ၊လက်နက် အစိတ်အပိုင်းများနှင့် ဆက်စပ် ပစ္စည်းများ၊ ထို့နောက် သက်ဆိုင်သည့် နိုင်ငံမှ လွှဲပြောင်းပေးခြင်းကို ထိန်းချုပ်ထားသည့် အခြား အမျိုးအစား စာရင်းကို ဆိုလိုသည်။ အဖွဲ့ဝင် နိုင်ငံများသည် နိုင်ငံတော်အစိုးရမှ ထိန်းချုပ်ရမည့် ပစ္စည်းများ စာရင်း ကို ATT အတွင်းဝန်ရုံးကို ပေးဆောင်ပြီး အတွင်းဝန်ရုံးသည် ဤ စာရင်းကို အခြား အဖွဲ့ဝင် နိုင်ငံများ အသုံးချနိုင်အောင် လုပ်ဆောင်သည်။ အဖွဲ့ဝင် နိုင်ငံများ အားလုံးသည် ထို နိုင်ငံ၏ ထိန်းချုပ်မှု စာရင်းကို အများသူငါ သိရှိနိုင်ရန် တိုက်တွန်းဆော်သြရသည်။

ထို့အပြင် အဖွဲ့ဝင် နိုင်ငံ အသီးသီးသည် ထိရောက်ပြီး ပွင့်လင်းမြင်သာမှု ရှိသည့် ပြည်တွင်း ထိန်းချုပ်မှု စနစ်ကို ရွေးချယ် သတ်မှတ်ရန် အတွက် အမျိုးသား အာဏာပိုင် အဖွဲ့အစည်း တစ်ခု သို့မဟုတ် တစ်ခု အထက်ကို သတ်မှတ်ပြီး သဘောတူ စာချုပ် အကောင်အထည် ဖော်ဆောင်ရေးနှင့် ဆက်စပ်သည့် အကြောင်းအရာပိုင်းဆိုင်ရာ အချက်အလက်များကို ဖလှယ်ရန်၊ ဆက်ဆံရေးရုံးအဖြစ် ဆောင်ရွက်ရန် အတွက် တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသည့် နိုင်ငံတော်အစိုးရ၏ ဆက်ဆံရေးဌာန (Point of Contact)တစ်ခုခုကို သတ်မှတ်ရမည် ဖြစ်သည်။

'ထိရောက်သော သဘောတူ စာချုပ် အကောင်အထည် ဖော်ဆောင်ရေး အလုပ်အဖွဲ့ '(WGETI)သည် သဘောတူ စာချုပ် သတ်မှတ်ချက်နှင့် အညီ ပြည်တွင်း ထိန်းချုပ်ရေး စနစ်ကို တည်ထောင်သည့် နည်းလမ်းနှင့် ဆက်စပ်သည့် အကြံပြုချက်ကို အသေးစိတ် ရေးသားပြုစုထားသည့် ပြည်တွင်း ထိန်းချုပ် စနစ်ကို ထူထောင်ရန် အတွက် အခြေခံ လမ်းညွှန်*(a Voluntary Basic Guide to Establishing a National Control System)*ကို ပြုစုခဲ့သည်။

<u>စတုတ္ထအကြိမ် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဥက္ကဋ္ဌ၏ မူကြမ်း အစီရင်ခံစာ</u> (ATT/CSP4.WGETI/2018 /CHAIR/355/ Conf.Rep) (နောက်ဆက်တွဲ A) 「အပိုဒ်ခွဲ ၅ အကောင်အထည် ဖော်ဆောင်မှုနှင့် သက်ဆိုင်သည်များကို အဖွဲ့ဝင် နိုင်ငံများမှ ထည့်သွင်းစဉ်းစားနိုင်ရန် ကိုးကား စာရွက်စာတမ်းများ စာရင်း」သည် အပိုဒ်ခွဲ ၅ကို အကောင်အထည် ဖော်ဆောင်လျက် အဖွဲ့ဝင် နိုင်ငံများမှ ဆွေးနွေးတိုင်ပင်နိုင်သည့် အချက်အလက် အရင်းအမြစ်ကို လမ်းညွှန်ပေးသည်။

### 3.1.2 လွှဲပြောင်းမှုပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

#### *3.1.2.1 အချို့သော လွှဲပြောင်းမှုများကို တားမြစ်ပိတ်ပင်ခြင်း*

"လွှဲပြောင်းခြင်း(transfer)"ဆိုသည်မှာ တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ပို့ဆောင်မှု၊ သင်္ဘောကူးပြောင်းသယ်ယူခြင်း၊ စီးပွားရေး အကျိုးဆောင်(ပွဲစား)များ ပါဝင်သည်ဟု သဘောတူ စာချုပ် အပိုဒ်ခွဲ ၂ (၂)တွင် ဖော်ပြထားသည်။

သဘောတူ စာချုပ် အပိုဒ်ခွဲ ၆ အရ အဖွဲ့ဝင် နိုင်ငံများသည် အောက်တွင် ဖော်ပြထားသော အချက်များနှင့် သက်ဆိုင်နေသည့် အခါ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများကို လွှဲပြောင်းခြင်းကို တားမြစ်သည်။

- သက်ဆိုင်သည့် လွှဲပြောင်းခြင်း *「နိုင်ငံတကာ သမဂ္ဂ ပဋိညာဉ်စာတမ်း」* အခန်း ၇ အရ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ ရွေးချယ်ထားသော လက်နက်ကုန်သွယ်မှု ပိတ်ပင်ထားခြင်းကို ချိုးဖောက်သည့် အခါ
- သက်ဆိုင်သည့် လွှဲပြောင်းခြင်းသည် ထို နိုင်ငံမှ နိုင်ငံတကာ သဘောတူညီမှု အရ သက်ဆိုင်သည့် နိုင်ငံတကာ လိုက်နာရမည့် တာဝန်ဝတ္တရားကို ချိုးဖောက်သည့် အခါ၊ ထို့အပြင်
- သက်ဆိုင်သည့် လက်နက် သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ အထူး စစ်ရာဇဝတ်မှုများတွင် အသုံးပြုမည့် လက်နက်များကို အဖွဲ့ဝင် နိုင်ငံမှ 'ခွင့်ပြုမည့် အချိန်တွင် သိရှိထားသည့်' အခါ၊

အပိုဒ်ခွဲ ၆ အရ လွှဲပြောင်းခြင်းကို တားမြစ်ထားခြင်း မရှိသော်လည်း အဖွဲ့ဝင် နိုင်ငံ အသီးသီးမှ သဘောတူ စာချုပ်၏ အခြား သတ်မှတ် ပြဋ္ဌာန်းခြင်း အရ လွှဲပြောင်းခြင်းကို ထိန်းချုပ်နိုင်အောင် သေချာ လုပ်ဆောင်ရမည်။ (အောက်တွင် ဖော်ပြထားသော အကြောင်းအား ကြည့်ရန်)
စတုတ္ထအကြိမ် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဥက္ကဋ္ဌ၏ မူကြမ်း အစီရင်ခံစာ (ATT/CSP4.WGETI/2018 /CHAIR/355/ Conf.Rep) (နောက်ဆက်တွဲE)၊ 「အပိုဒ်ခွဲ ၆ (၁) အရ တာဝန်များကို အကောင်အထည် ဖော်ဆောင်မှုနှင့် ဆက်စပ်၍ မိမိဆန္ဒအလျောက် လမ်းညွှန် သို့မဟုတ် ကူညီထောက်ပံ့သည့် အရာများ」 သည် အပိုဒ်ခွဲ ၆ (၁) အကောင်အထည် ဖော်ဆောင်မှုနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်ကို အဖွဲ့ဝင် နိုင်ငံများအား ပေးဆောင်သည်။

*3.1.2.2 တင်ပို့ခြင်း*

အပိုဒ်ခွဲ ၇အရ လွှဲပြောင်းခြင်းသည် သမာရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ တင်ပို့သည့် အခါ တင်ပို့သည့် နိုင်ငံသည် တင်ပို့မည့် လက်နက်၊ အမျိုးအစားများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အတွက် အထောက်အကူ ဖြစ်စေသလော သို့မဟုတ် လျော့ပါးစေသလော စသည်နှင့် စပ်လျဉ်း၍ဖြစ်စေ အောက်ပါအချက်များကို ကျူးလွန် သို့မဟုတ် ပံ့ပိုးပေးသလော စသည်နှင့် စပ်လျဉ်း၍ဖြစ်စေ အန္တရာယ်ရှိမရှိ ဖြစ်နိုင်ချေ ရှိမရှိကို အကဲဖြတ်ရမည်။

- အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်း
- နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်း
- အကြမ်းဖက်ခြင်းနှင့် ဆက်စပ်သော နိုင်ငံတကာ သဘောတူညီချက်ပိုင်းဆိုင်ရာ ပြစ်မှုများကို လုပ်ဆောင်ချက်များ ပြီးနောက်
- အဖွဲ့အစည်းကျောထောက်နောက်ခံဖြင့် ကျူးလွန်နေသော နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် သက်ဆိုင်သည့် နိုင်ငံတကာ သဘောတူညီချက်ပိုင်းဆိုင်ရာ ပြစ်မှုများကို လုပ်ဆောင်မှုများ

တင်ပို့သည့် အဖွဲ့ဝင် နိုင်ငံသည် ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်များ၊ တင်ပို့သည့် နိုင်ငံနှင့် တင်သွင်းသည့် နှစ် နိုင်ငံကြား ပူးတွဲ ဖန်တီး၊ သဘောတူထားသည့် ပရိုဂရမ်များနှင့် အတူ ကြိုတင် စစ်ဆေးထားပြီးသော အန္တရာယ်များကို လျော့ကျစေနိုင်သည့် ဆောင်ရွက်ချက်များ ရှိမရှိကို ထည့်သွင်း စဉ်းစားရမည်။

တင်ပို့သည့် နိုင်ငံသည် အပိုဒ်ခွဲ ၇ (၁)တွင် ဖော်ပြထားသည့် အတိုင်း အပျက်သဘောဆောင်သည့် အကျိုးရလဒ် ဖြစ်လာနိုင်ဖွယ်ရှိသော 'သိသာထင်ရှားသည့်' အန္တရာယ် ရှိသည်ဟု သုံးသပ်ပါက သက်ဆိုင်သည့် တင်ပို့ခြင်းကို ခွင့်ပြုချက် မပေးရပါ။

တင်ပို့သည့် နိုင်ငံအနေဖြင့် သမာရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများသည် ဆိုးရွားသည့် လိင်(ကျား၊မ) အခြေပြု အကြမ်းဖက်မှုများ ဖြစ်စေ၊ အမျိုးသမီး၊ကလေးသူငယ်များ အပေါ် ဆိုးရွားသည့် အကြမ်းဖက်မှုများကို ကျူးလွန်ခြင်း ဖြစ်စေ၊ ဖြစ်မြောက်အောင် အသုံးပြုနိုင်မည့် အန္တရာယ်ရှိမှုကို ထည့်သွင်းစဉ်းစားကာ(အပိုဒ်ခွဲ၇ (၄)အား ကြည့်ရန်)၊ သက်ဆိုင်သည့် တင်ပို့ကုန် တရားမဝင်စီးဆင်းပြန့်နှံ့မှု ဆိုင်ရာ အန္တရာယ်ရှိမှုကို အကဲဖြတ်ရမည်။ (အပိုဒ်ခွဲ ၁၁အား ကြည့်ရန်)

စတုတ္ထအကြိမ် အဖွဲ့ဝင် နိုင်ငံများ၏ အစည်းအဝေး ဥက္ကဋ္ဌ၏ မူကြမ်း အစီရင်ခံစာ (ATT/CSP4.WGETI/2018 /CHAIR/355/ Conf.Rep) (နောက်ဆက်တွဲ B)၊ 「အပိုဒ်ခွဲ ၇ အရ အန္တရာယ်ရှိမှုပိုင်းဆိုင်ရာ အကဲဖြတ်စစ်ဆေးသည့် အခါ အဖွဲ့ဝင် နိုင်ငံများမှ ထည့်သွင်းစဉ်းစားနိုင်ရန် ကိုးကား စာရွက်စာတမ်းများ စာရင်း」 သည် အပိုဒ်ခွဲ ၇ကို အကောင်အထည် ဖော်ဆောင်လျက် အဖွဲ့ဝင် နိုင်ငံများမှ ဆွေးနွေးတိုင်ပင်နိုင်သည့် အချက်အလက် အရင်းအမြစ်ကို လမ်းညွှန်ပေးသည်။

*3.1.2.3 တင်သွင်းခြင်း*

အပိုဒ်ခွဲ ၆ အရ တားမြစ်ထားသည့် သမာရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ၏ အချို့သော တင်သွင်းခြင်း (အထက်တွင် ဖော်ပြထားသော 3.1.2.1အား ကြည့်ရန်) အပြင်၊ လက်နက်များကို တင်သွင်းသည့် အဖွဲ့ဝင် နိုင်ငံ အသီးသီးသည် 'သမာရိုးကျ လက်နက်နှင့် စပ်လျဉ်းပြီး ထို နိုင်ငံ၏ စီရင်ပိုင်ခွင့် အောက်တွင် တင်သွင်းမှုကို ထိန်းချုပ်နိုင်အောင် လုပ်ဆောင်ရမည်'။

ပြည်တွင်း ထိန်းချုပ်မှု စနစ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် တင်သွင်းမှုကို မည်သည့် လုပ်ဆောင်ချက်များဖြင့် ထိန်းချုပ်ရမည်ကို ATTတွင် တိတိကျကျ ဖော်ပြထားခြင်း မရှိသော်လည်း လက်နက် တင်သွင်းရန် အတွက် လိုင်စင် သို့မဟုတ် လက်နက်တင်သွင်းခွင့် ပါမစ်၊ နှင့်/သို့မဟုတ် နောက်ဆုံးတွင် အသုံးပြုမည့်သူနှင့် သယ်ယူပို့ဆောင်ခြင်းပိုင်းဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ ပါဝင်နိုင်သည်။

တင်ပို့သည့် နိုင်ငံမှ ၎င်းတို့ လုပ်ဆောင်နေသည့် အန္တရာယ်ရှိမရှိ အကဲဖြတ်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို တောင်းဆိုလာပါက တင်သွင်းသည့် နိုင်ငံသည် တင်ပို့သည့်နိုင်ငံအတွက် အချက်အလက်များ ရရှိအောင် ဆောင်ရွက်ပေးရမည်ဟုလည်း သဘောတူစာချုပ်တွင် သတ်မှတ်ပြဋ္ဌာန်းထားပြီး၊ ဤသို့ ဆောင်ရွက်ပေးရာတွင် နောက်ဆုံးတွင် အသုံးပြုခြင်း သို့မဟုတ် နောက်ဆုံးတွင် အသုံးပြုမည့်သူနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ ပါဝင်နိုင်သည်။

*3.1.2.4 ပို့ဆောင်မှုနှင့် သဘော်ကူးပြောင်းသယ်ယူခြင်း*

အပိုဒ်ခွဲ ၆(အထက်တွင် ဖော်ပြခဲ့သော ၃.၁.၂.၁အား ကြည့်ရန်) အရ ဖော်ပြထားသည့် အချို့သော အခြေအနေ တစ်ခုတွင် တားမြစ်ထားသည့် သမာရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ ပို့ဆောင်ခြင်း၊ သို့မဟုတ် သဘော်ကူးပြောင်းသယ်ယူခြင်း အပြင်၊ အပိုဒ်ခွဲ ၉တွင် အဖွဲ့ဝင် နိုင်ငံများသည် "ထိုသို့လုပ်ဆောင်ရန်လိုအပ်ပြီး ထိုသို့လုပ်ဆောင်ရန် ဖြစ်နိုင်သည့်အခါ" ထို့အပြင် "သက်ဆိုင်သည့် နိုင်ငံတကာ ဥပဒေ အရ" တရားစီရင် ပိုင်ခွင့် အောက်တွင် သမာရိုးကျ လက်နက်များ ပို့ဆောင်ခြင်း၊ သဘော်ကူးပြောင်းသယ်ယူခြင်းများကို ထိန်းချုပ်ရန် အတွက် သင့်လျော်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်ရမည်ဟု သတ်မှတ် ပြဌာန်းထားသည်။

<u>ပြည်တွင်း ထိန်းချုပ်မှု စနစ်</u>၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပို့ဆောင်မှုနှင့် သဘော်ကူးပြောင်းသယ်ယူခြင်းကို ထိန်းချုပ်ရန် အတွက် မည်သည့် သင့်လျော်ရာ ဆောင်ရွက်မှုများ လုပ်ဆောင်မည်ဆိုသည့် အချက်အား ATT တွင် တိတိကျကျ ဖော်ပြထားခြင်း မရှိသော်လည်း ပို့ဆောင်မှုနှင့် သဘော်ကူးပြောင်းသယ်ယူရန် အတွက် လိုင်စင် သို့မဟုတ် တရားဝင် ခွင့်ပြုသည့် စာရွက်စာတမ်း(ပါမစ်)၊ နှင့်/သို့မဟုတ် သယ်ယူပို့ဆောင်ရေး အေးဂျင့်မှ လက်နက်သည် ဆိုင်ရာ နိုင်ငံကို ပို့ဆောင်သွားမည် ဖြစ်ကြောင်း ပို့ဆောင်သွားမည့် နိုင်ငံအား ကြိုတင် အကြောင်းကြားရမည် ဆိုသည့် အချက်များ ပါဝင်နိုင်သည်။

*3.1.2.5 စီးပွားရေး အကျိုးဆောင် (ပွဲစား)*

အပိုဒ်ခွဲ ၆(အထက်တွင် ဖော်ပြခဲ့သော ၃.၁.၂.၁အား ကြည့်ရန်) အရ ဖော်ပြထားသည့် အချို့သော အခြေအနေ တစ်ခုတွင် တားမြစ်ထားသည့် သမာရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ ပို့ဆောင်ခြင်း၊ သို့မဟုတ် သဘော်ကူးပြောင်းသယ်ယူခြင်း အပြင်၊ အပိုဒ်ခွဲ ၁၀တွင် အဖွဲ့ဝင် နိုင်ငံများသည် သမာရိုးကျ လက်နက်များနှင့် ပတ်သက်ပြီး "နိုင်ငံတော် တရားစီရင်ပိုင်ခွင့် အောက်တွင် ရှိသော စီးပွားရေး အကျိုးဆောင်(ပွဲစား)ကို ထိန်းချုပ်သည့် အခါ နိုင်ငံတော် ဥပဒေနှင့် အညီ လုပ်ဆောင်မည်"ဆိုသည့် အချက်အား ပြဌာန်း သတ်မှတ်ထားသည်။ သဘောတူ စာချုပ်သည် ဤသို့ ထိန်းချုပ်သည့် အခါ စီးပွားရေး အကျိုးဆောင် လုပ်ဆောင်မှုများကို မလုပ်ဆောင်မီ သက်ဆိုင်ရာ စီးပွားရေး အကျိုးဆောင်(ပွဲစား)အနေဖြင့် မှတ်ပုံတင်ခြင်း၊ စာ ခွင့်ပြုမိန့် ရယူရမည် ဆိုသည့် အချက် ပါဝင်သည်။

*3.1.2.6 တရားမဝင်စီးဆင်းပြန့်နှံမှု*

ATT အပိုဒ်ခွဲ ၁၁သည် သမာရိုးကျ လက်နက်များ တရားမဝင်စီးဆင်းပြန့်နှံမှုကို တားဆီးခြင်း၊ စစ်ဆေးခြင်း၊ အသိပညာများ ပေးခြင်းကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးမျိုးသော ကတိကဝတ်များ ပါဝင်ထားသည်။ တင်ပို့သည့် နိုင်ငံသည် တင်ပို့ပစ္စည်းများ တရားမဝင်စီးဆင်းပြန့်နှံမှု အန္တရာယ်ကို အကဲဖြတ် စစ်ဆေးပြီး ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်များ၊ တင်ပို့သည့် နိုင်ငံနှင့် တင်သွင်းသည့် နှစ် နိုင်ငံကြား ပူးတွဲ ဖန်တီး သဘောတူထားသည့် အစီအစဉ်များကဲ့သို့ အန္တရာယ်လျော့ပါးစေရေး ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားရမည်။

ထို့အပြင် အပိုဒ်ခွဲ ၁၁ အရ လွှဲပြောင်းခြင်းနှင့် ပတ်သက်သော အဖွဲ့ဝင် နိုင်ငံ အသီးသီးသည် လွှဲပြောင်းပို့ဆောင်သည့် လက်နက် တရားမဝင်စီးဆင်းပြန့်နှံမှုများကို စစ်ဆေးပြီး တားဆီးရန် တာဝန် ရှိသည်။ ATTသည် အဖွဲ့ဝင် နိုင်ငံများအား လက်နက် ခဲယမ်း၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများနှင့် ပတ်သက်ပြီး တရားမဝင်စီးဆင်းပြန့်နှံမှုကို စစ်ဆေးပြီး တားဆီးရန် အတွက် တောင်းဆိုခြင်း မရှိသော်လည်း အဖွဲ့ဝင် နိုင်ငံများသည် ဤ အချက်ကို ရွေးချယ်ကာ အကောင်အထည် ဖော်ဆောင်နိုင်သည်။

လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သက်ဆိုင်သော နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ အချက်အလက်များ မျှဝေခြင်းသည် ပြဌာန်း သတ်မှတ်ထားသည့် အဓိက အချက်ဖြစ်သည်။ ဤ အချက်မှာ သမာရိုးကျ လက်နက် တရားမဝင်စီးဆင်းပြန့်နှံမှုနှင့် ပတ်သက်ပြီး တစ်နိုင်ငံတည်း၏ အင်အားဖြင့် ကိုင်တွယ်နိုင်သည့် အရာ မဟုတ်ကြောင်းကို အလေးပေး ဖော်ပြထားသည်။

# 4. စာချုပ်အရ အစီရင်ခံခြင်းဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း

## 4.1 ကနဦး အစီရင်ခံစာများ

ATT အပိုဒ်ခွဲ ၁၃ (၁) အရ အဖွဲ့ဝင် နိုင်ငံများသည် 'နိုင်ငံတော် ဥပဒေ၊ နိုင်ငံတော်အစိုးရမှ ထိန်းချုပ်ရမည့် ပစ္စည်း စာရင်းများ အပြင် စည်းမျဉ်းများ ၊ စီမံခန့်ခွဲမှုများ အပါအဝင်' သဘောတူ စာချုပ်ကို အကောင်အထည် ဖော်ဆောင်ရန် အတွက် ကနဦး အစီရင်ခံစာကို ATT အတွင်းဝန်ရုံးသို့ ပေးပို့ရန် တောင်းဆိုခြင်း ခံရသည်။ ထို့အပြင် သဘောတူ စာချုပ်ကို အကောင်အထည် ဖော်ဆောင်ရန် အတွက် သက်ဆိုင်သည့် နိုင်ငံမှ အကောင်အထည် ဖော်ဆောင်နေသည့် ဆောင်ရွက်မှု အသစ်အားလုံးကို အတွင်းဝန်ရုံးသို့ တင်ပြရမည်။

အဖွဲ့ဝင် နိုင်ငံတိုင်းသည် 'သက်ဆိုင်သည့် အဖွဲ့ဝင် နိုင်ငံနှင့် ပတ်သက်၍ သဘောတူ စာချုပ် အသက်ဝင်ပြီး တစ်နှစ်အတွင်း ' ကနဦး အစီရင်ခံစာကို တင်သွင်းရမည်။ ဤ အချက် အရ အဖွဲ့ဝင် နိုင်ငံသည် ကနဦး အစီရင်ခံစာကို တင်သွင်းရမည့် နောက်ဆုံးရက်မှာ ထို အဖွဲ့ဝင် နိုင်ငံနှင့် ပတ်သက်ပြီး သဘောတူ စာချုပ် အသက်ဝင်သည့် နေ့မှ စတင်ပြီး ၁၂လ နောက်ပိုင်း ဖြစ်သည်။[2]
အဖွဲ့ဝင် နိုင်ငံများ ကနဦး အစီရင်ခံစာကို တင်သွင်းသည့် အခါ အထောက်အကူဖြစ်စေရန် တီထွင်ဖန်တီးထားသည့် ဖောင်ပုံစံ ရှိထားပြီး ကနဦး အစီရင်ခံစာကို ATT အတွင်းဝန်ရုံးသို့ အွန်လိုင်းမှ တစ်ဆင့် တင်သွင်းနိုင်သည်။

## 4.2 နှစ်ချုပ် အစီရင်ခံစာများ

ATT အပိုဒ်ခွဲ ၁၃ (၃) အရ အဖွဲ့ဝင် နိုင်ငံများသည် ပြီးခဲ့သည့် နှစ် (ဇန်နဝါရီလ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ရက် အထိ) နှင့် ပတ်သက်ပြီး 'အပိုဒ်ခွဲ ၂ (၁)တွင် ပြဋ္ဌာန်းထားသည့် သမာရိုးကျ လက်နက်များ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်၊ အမှန်တကယ် တင်ပို့ တင်သွင်းသည်နှင့် သက်ဆိုင်သော' အစီရင်ခံစာကို နှစ်စဉ် တင်သွင်းရမည်။
ATT အတွင်းဝန်ရုံးသို့ နှစ်ချုပ် အစီရင်ခံစာကို တင်သွင်းရမည့် နောက်ဆုံး ရက်သည် နှစ်စဉ် မေလ ၃၁ရက်နေ့ ဖြစ်သည်။ ဥပမာအားဖြင့်၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ဒီဇင်ဘာလ ၃၁ရက် အထိ တင်ပို့ တင်သွင်းခြင်းနှင့် သက်ဆိုင်သော ၂၀၁၈ခုနှစ် နှစ်ချုပ် အစီရင်ခံစာကို ၃၁ရက် မေလ ၂၀၁၉ခုနှစ်အထိ နောက်ဆုံးထား တင်သွင်းရမည်။
အဖွဲ့ဝင် နိုင်ငံများ နှစ်ချုပ် အစီရင်ခံစာကို တင်သွင်းသည့် အခါ ထောက်ပံ့နိုင်ရန် တီထွင်ဖန်တီးထားသည့် ဖောင်ပုံစံ ရှိထားပြီး နှစ်ချုပ် အစီရင်ခံစာကို ATT အတွင်းဝန်ရုံးသို့ အွန်လိုင်းမှ တစ်ဆင့် တင်သွင်းနိုင်သည်။

## 4.3 တရားမဝင်စီးဆင်းပြန့်နှံ့မှု ဆိုင်ရာ အစီရင်ခံစာများ

အပိုဒ်ခွဲ ၁၁ (၆)၊ အပိုဒ်ခွဲ ၁၃ (၂) အရ အဖွဲ့ဝင် နိုင်ငံများသည် သမာရိုးကျ လက်နက်များ တရားမဝင်စီးဆင်းပြန့်နှံ့မှုကို ဖြေရှင်းရန် အတွက် ကိုင်တွယ်ဖြေရှင်းမှုပိုင်းဆိုင်ရာ အစီရင်ခံစာကို တိုက်တွန်းဆော်သြရသည်။ လက်ရှိ အနေအထားအရ တရားမဝင်စီးဆင်းပြန့်နှံ့မှုကို ဖြေရှင်းရန် အတွက် ကိုင်တွယ်ဖြေရှင်းမှုပိုင်းဆိုင်ရာ တရားဝင် အစီရင်ခံစာ ယန္တရားများ မရှိသေးပေ(ဥပမာအားဖြင့်၊ ရှေ့တွင် ဖော်ပြထားသော အစီရင်ခံစာ အတွက် အစီရင်ခံစာ ဖောင်ပုံစံ မရှိ)။ အဖွဲ့ဝင် နိုင်ငံများသည် တရားမဝင်စီးဆင်းပြန့်နှံ့မှုဆိုင်ရာ အစီရင်ခံစာကို မည်သည့် ပုံစံဖြင့် မဆို ရေးသားပြုစုကာ တင်သွင်းနိုင်ပြီး၊ ATT ဝဘ်ဆိုဒ်တွင် ဖော်ပြထားသော အချက်အလက်များ မျှဝေခြင်း ပလက်ဖောင်းကို အသုံးပြုကာ တရားမဝင်စီးဆင်းပြန့်နှံ့မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖလှယ်နိုင်သလို အတွေ့အကြုံများကိုလည်း မျှဝေနိုင်သည်။

# 5. စာချုပ်အရ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ဆိုသည်မှာ အဘယ်နည်း

## 5.1 အဖွဲ့ဝင် နိုင်ငံသစ်များ

အဖွဲ့ဝင် နိုင်ငံများသည် အချိုးကျထည့်ဝင်ငွေ ပေးဆောင်ရပြီး၊ ဤ အချိုးကျထည့်ဝင်ငွေအား အောက် ဖော်ပြပါ အချက် ၂ချက်တွင် အသုံးပြုသည်။

၁. 'အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး သို့မဟုတ် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေးကို ကျင်းပနိုင်သည့် လက်အောက်ခံ အဖွဲ့အစည်းများ အတွက် အချိုးကျထည့်ဝင်ငွေ' /

အဖွဲ့ဝင် နိုင်ငံများ အားလုံးသည် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး သို့မဟုတ် အခြား ညီလာခံ အစည်းအဝေး <u>တက်ရောက်ခြင်း ရှိ၊ မရှိနှင့် မဆိုင်ဘဲ</u> ညီလာခံ အစည်းအဝေးများ၊ သို့မဟုတ် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး ကျင်းပနိုင်သည့် လက်အောက်ခံ အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အချိုးကျထည့်ဝင်ငွေကို ပေးဆောင်ရသည်။ အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး သို့မဟုတ် ဤ အချက်နှင့် သက်ဆိုင်နေပါက လက်အောက်ခံ အဖွဲ့အစည်း အစည်းအဝေးများ ပြင်ဆင်ခြင်း၊ ကျင်းပ ကုန်ကျစရိတ်ကိုလည်း အချိုးကျထည့်ဝင်ငွေတွင် ပါဝင်သည်။ (ATTဘဏ္ဍာရေးစည်းမျဉ်း အပိုဒ်ခွဲ၅.၁အား ကြည့်ရန်)

[2] ၂၄ရက် ဒီဇင်ဘာလ ၂၀၁၄ခုနှစ် နောက်ပိုင်း သဘောတူ စာချုပ်ကို အတည်ပြု လက်မှတ်ထိုးခြင်း၊ လက်ခံခြင်း၊ အတည်ပြု ထောက်ခံခြင်း သို့မဟုတ် အဖွဲ့ဝင်ထားသည့် နိုင်ငံ အခြေအနေ၊ သက်ဆိုင်သည့် နိုင်ငံနှင့် ပတ်သက်ပြီး သဘောတူ စာချုပ်သည် အပိုဒ်ခွဲ ၂၂ အရ အတည်ပြု လက်မှတ်ထိုးခြင်း စာချုပ်စာတမ်း၊ လက်ခံမှုပိုင်းဆိုင်ရာ စာချုပ်စာတမ်း၊ အတည်ပြု ထောက်ခံခြင်းဆိုင်ရာ စာချုပ်စာတမ်း သို့မဟုတ် အဖွဲ့ဝင်ထားသည့် စာချုပ်စာတမ်းသည် အာမခံတင်ထားသည့် နေ့မှ စတင်၍ ရက်ပေါင်း ၉၀ ကြာသည့် နေ့တွင် အသက်ဝင်သည်။ ကနဦး အစီရင်ခံစာ တင်သွင်းသည့် နောက်ဆုံးနေ့သည် သက်ဆိုင်သည့် နေ့မှ စတင်၍ နောက် ၁၂လ ဖြစ်သည်။

၂. ‘အတွင်းဝန်ရုံးအတွက် အချိုးကျထည့်ဝင်ငွေ’ / ATTအတွင်းဝန်ရုံး၏ အဓိက တာဝန်များကို ဆောင်ရွက်ရာတွင် ကုန်ကျသည့် စရိတ်များ ဖြစ်သော ဝန်ထမ်းလစာများ၊ ပစ္စည်းကိရိယာများ၊ ရုံးပိုင်းဆိုင်ရာ အထွေထွေ အသုံးစရိတ်၊ ငွေကြေး စီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ အာမခံကြေး၊ ဆက်သွယ်ရေးနှင့် IT ၊ ထို့အပြင် ညီလာခံ အစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာများအတွက် လိုအပ်သော အခြား အရာများ(ATTဘဏ္ဍာရေးစည်းမျဉ်း အပိုဒ်ခွဲ၆.၃အား ကြည့်ရန်)စသည်များ ပါဝင်ပြီး၊ အဖွဲ့ဝင် နိုင်ငံများသည် နှစ်စဉ် အထက်ပါ ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့် အချိုးကျထည့်ဝင်ငွေကို ပေးဆောင်ရသည်။

## 5.2 လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့် လေ့လာအကဲခတ်နေသည့် နိုင်ငံများ

အဖွဲ့ဝင် နိုင်ငံ အသီးသီး၏ အစည်းအဝေး သို့မဟုတ် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး ကျင်းပနိုင်သည့် လက်အောက်ခံ အဖွဲ့အစည်း အားလုံး၏ အစည်းအဝေးသို့ တက်ရောက်သည့် လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့် အခြား လေ့လာအကဲခတ်နေသည့် နိုင်ငံများသည် ညီလာခံ အစည်းအဝေး သို့မဟုတ် အစည်းအဝေးနှင့် သက်ဆိုင်သည့် အခြေအနေတွင် လက်အောက်ခံ အဖွဲ့အစည်း အစည်းအဝေး ပြင်ဆင်ခြင်းများ၊ ကျင်းပ စရိတ်ပိုင်းဆိုင်ရာ တက်ရောက်ခကို ပေးဆောင်ရသည်။

အဖွဲ့ဝင် နိုင်ငံများ ညီလာခံ ခန့်မှန်းကုန်ကျစရိတ်များနှင့် ပတ်သက်ပြီး ထုတ်ထားသည့် ဘဏ္ဍာရေး တောင်းခံလွှာသည် ထို သက်ဆိုင်သည့် အစည်းအဝေးတွင် တက်ရောက်သည့် လက်မှတ်ရေးထိုးထားသော နိုင်ငံများ၊ အခြား လေ့လာအကဲခတ်နေသည့် နိုင်ငံများ အားလုံးသည် လာမည့် နှစ်တွင် ကျင်းပမည့် နောက်တစ်ကြိမ် ညီလာခံကိုလည်း တက်ရောက်မည်ဟူသော အဆိုဖြင့် တွက်ချက်သည်။

# 6. ATTအကောင်အထည်ဖော်မှုအတွက် အကူအညီနှင့် ပံ့ပိုးကူညီမှု

## 6.1 ATTအတွင်းဝန်ရုံး

### 6.1.1 ATTအတွင်းဝန်ရုံး၏ အခန်းကဏ္ဍမှာ အဘယ်နည်း

အဖွဲ့ဝင် နိုင်ငံများ ATTနှင့် စပ်လျဉ်းပြီး ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီနိုင်ရန် အတွက် သဘောတူ စာချုပ် အပိုဒ်ခွဲ ၁၈အရ ATTအတွင်းဝန်ရုံးအား တည်ထောင်ခဲ့သည်။

ATT အတွင်းဝန်ရုံးသည် သဘောတူ စာချုပ် အရ အစီရင်ခံစာ လုပ်ငန်းစဉ်ကို စီမံ ခန့်ခွဲပြီး၊ နိုင်ငံတော်ဆိုင်ရာ အဆက်အသွယ် တာဝန်ရှိသူများ၏ အချက်အလက်များကို ထိန်းသိမ်းကာ သဘောတူ စာချုပ် အကောင်အထည်ဖော်ဆောင်ရန် အတွက် ဘဏ္ဍာရေး တောင်းခံခြင်းများနှင့် ထောက်ပံ့မှုများကြား ဖြစ်မြောက်အောင် ပံ့ပိုးပေးခြင်း၊ အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး လုပ်ငန်းဆောင်တာများကို ဖြစ်မြောက်အောင် ပံ့ပိုးပေးခြင်း၊ အဖွဲ့ဝင် နိုင်ငံများ ညီလာခံမှ ဆုံးဖြတ်ချက်ချထားသည့် အခြား တာဝန်များကို ထမ်းဆောင်သည်။ အဖွဲ့ဝင် နိုင်ငံ အသီးသီး၏ ညီလာခံ အစည်းအဝေး အတွက် ပြင်ဆင်သည့် အဆင့်တွင် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုကော်မတီ၊ ထို့အပြင် အဖွဲ့ဝင် နိုင်ငံများ အစည်းအဝေး ကျင်းပသည့် အလုပ်အဖွဲ့၏ ပူးတွဲသဘာပတိနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ကူညီထောက်ပံ့သည့် အချက်သည်လည်း အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေး လုပ်ငန်း ပံ့ပိုးပေးမှုတွင် အပါအဝင် ဖြစ်သည်။

သဘောတူ စာချုပ် အပိုဒ်ခွဲ ၁၈ (၃)တွင် ဖော်ပြထားသည့် အစဉ်အလာအားဖြင့် လုပ်ဆောင်လာသည့် တာဝန်များအပြင် ATTအတွင်းဝန်ရုံးသည် VTF ရွေးချယ်ရေးကော်မတီ (၂.၃.၂.၃ ၊ ၆.၂.၁အား ကြည့်ရန်)နှင့် ATTထောက်ပံ့ ပရိုဂရမ်၏ အကူအညီကို ရယူကာ စေတနာ့ဝန်ထမ်းရန်ပုံငွေကို စီမံခန့်ခွဲသည်။

### 6.1.2 ATTအတွင်းဝန်ရုံး ဆက်သွယ်ရန် နည်းလမ်း

လိပ်စာ - 7bis avenue de la Paix, WMO Building, 2nd floor, 1211 Geneva

ဖုန်းနံပါတ် - +41 (0)22 715 04 20

အီးမေးလ် - info@thearmstradetreaty.org

ဝဘ်ဆိုဒ် - www.thearmstradetreaty.org

## 6.2 မည်သည့် ဘဏ္ဍာရေး ထောက်ပံ့မှု ရရှိနိုင်ပါသနည်း

### 6.2.1 စေတနာ့ဝန်ထမ်းရန်ပုံငွေ

ATT အပိုဒ်ခွဲ ၁၆ (၃)သည် သဘောတူ စာချုပ်၏ ပြည်တွင်း အကောင်အထည်ဖော်ဆောင်မှုကို ပံ့ပိုးရန် စေတနာ့ဝန်ထမ်းရန်ပုံငွေ(VTF) တည်ထောင်ရန် ပြဋ္ဌာန်းထားပြီး၊ အဖွဲ့ဝင် နိုင်ငံများ အားလုံးသည် ရန်ပုံငွေ အရင်းအမြစ်ကို ပံ့ပိုးကူညီမှုများ ပြုလုပ်ရန် အားပေးတိုက်တွန်းဆော်သြရသည်။

စေတနာ့ဝန်ထမ်းရန်ပုံငွေသည် ၂၀၁၆ခုနှစ် ဩဂုတ်လ ဒုတိယ အကြိမ် အဖွဲ့ဝင် နိုင်ငံများ ညီလာခံ အစည်းအဝေးတွင် အတည်ပြုထားသည့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TOR) အရ လုပ်ငန်း လည်ပတ်နိုင်အောင် တရားဝင် တည်ထောင်ခဲ့သည်။ စေတနာ့ဝန်ထမ်းရန်ပုံငွေသည် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TOR)နှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု စည်းမျဉ်းများ အရ ATT အကောင်အထည် ဖော်ဆောင်မှု ပရောဂျက်များအတွက် ရန်ပုံငွေကို ထုတ်ပေးသည်။

စေတနာ့ဝန်ထမ်းရန်ပုံငွေ(VTF)သည် ATTအတွင်းဝန်ရုံးမှ VTF ရွေးချယ်ရေးကော်မတီ၏ ထောက်ပံ့မှုကို ရယူကာ စီမံခန့်ခွဲသည်(၂.၃.၂.၃အားကြည့်ရန်)။ ATT အကောင်အထည် ဖော်ဆောင်မှု ပရောဂျက်နှင့် ပတ်သက်၍ ထောက်ပံ့ကြေး USD ဒေါ်လာ ၁၀၀,၀၀၀ အထိ လျှောက်ထားရန် အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်သည့် အဆိုပြုလွှာ တောင်းခံခြင်းကို နှစ်စဉ်ထုတ်ပြန်ပြီး နိုင်ငံအစိုးရများသာလျှင် ရန်ပုံငွေကို လျှောက်နိုင်သည်။

ATTဝဘ်ဆိုဒ် (https://www.thearmstradetreaty.org/voluntary.html) သို့ ဝင်ရောက်ကြည့်ရှုပါက ပိုမို များပြားသည့် အချက်အလက်များအား ကြည့်ရှုနိုင်သည်။

### 6.2.2 ပံ့ပိုးကူညီမှု အစီအစဉ်

ATTအတွင်းဝန်ရုံးသည် နိုင်ငံများ ATT တွေ့ဆုံမှုတွင် ပါဝင်နိုင်ရန် ပံ့ပိုးပေးသည့် စပွန်ဆာ အစီအစဉ်ကို စီမံခန့်ခွဲသည်။ ATT စပွန်ဆာ အစီအစဉ်၏ အဓိက ရည်ရွယ်ချက်သည် အစည်းအဝေး ကျင်းပနေစဉ် အတွင်း ကိုယ်စားပြုခြင်းနှင့် ပါဝင်ပြောဆိုခွင့်ကို အာမခံရန်၊ ATT အစည်းအဝေးနှင့် သက်ဆိုင်သည့် ပါဝင်မှု အတိုင်းအတာ၊ မတူကွဲပြားမှုကို တိုးမြှင့် လုပ်ဆောင်ခြင်း၊ နောက်ဆုံးအနေနှင့် သဘောတူ စာချုပ် အကောင်အထည် ဖော်ဆောင်ပြီး အလုံးစုံ ပါဝင်ကျင့်သုံးလိုက်နာမှုများ အားကောင်းစေဖို့ ဖြစ်သည်။ ရှေ့တွင် ဖော်ပြခဲ့သည့် ATT အီးမေးလ် လက်ခံသူ အမည်စာရင်းတွင် ပါရှိသည့်သူ အားလုံးထံ တောင်းခံစာလျှောက်လွှာကို ဖြန့်ဝေပြီး ATTဝဘ်ဆိုဒ်တွင် အချက်အလက်များကို ပို့စ်တင်ခြင်းအားဖြင့် ရန်ပုံငွေများကို တရားဝင် လျှောက်ထား တောင်းခံနိုင်သည်။

### 6.2.3 UNSCAR

ကုလသမဂ္ဂ လက်နက် ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထောက်ပံ့ရေး(UNSCAR)သည် လက်နက် ထိန်းချုပ်မှုကို ထောက်ပံ့ပေးရန် အတွက် ကုလသမဂ္ဂမှ စီမံခန့်ခွဲသည့် ရန်ပုံငွေဖြင့် ATT အပါအဝင် လက်နက် ထိန်းချုပ်ရေးနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စာချုပ်စာတမ်းများကို အတည်ပြုလက်မှတ်ထိုးခြင်း/ ပူးပေါင်းပါဝင်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်မှုကို ထောက်ပံ့သည့် လိုက်လျောညီထွေရှိသော ပေါင်းစုံ ရန်ပုံငွေဖောင်ဒေးရှင်းဖြစ်သည်။

UNSCARသည် အဆိုပြု တောင်းခံလွှာကို နှစ်စဉ် ထုတ်ဝေပြီး ကုလသမဂ္ဂ မိတ်ဖက်များ၊ နိုင်ငံတကာ/ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ NGOများ၊ သုတေသန အသင်း စသည်တို့မှ လျှောက်ထားချက်များကို လက်ခံပေးသည်။ အထောက်အပံ့ လက်ခံရယူလိုသည့် အစိုးရသည် အရည်အချင်းပြည့်မီသော လျှောက်လွှာတင်သူနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

ဝဘ်ဆိုဒ် (https://www.un.org/disarmament/unscar/) သို့ ဝင်ရောက်ကြည့်ရှုပါက ပိုမို များပြားသည့် အချက်အလက်များအား ကြည့်ရှုနိုင်သည်။

### 6.2.4 EU ATT Outreach ပရောဂျက်

ဥရောပသမဂ္ဂ(EU)သည် 'EU ATT Outreach ပရောဂျက်'ကို ထူထောင်ပြီး ATTအကောင်အထည်ဖော်ဆောင်ရန် အတွက် ထောက်ပံ့ ရန်ပုံငွေများကို ရင်းနှီးထားသည်။ ပရောဂျက်တွင် အောက်တွင် ဖော်ပြထားသော အချက်များ ပါဝင်သည်။

- နိုင်ငံ၏ လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်သည့် ပံ့ပိုးကူညီမှု လုပ်ဆောင်ချက်များဖြင့် နိုင်ငံအလိုက် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် အချက်များကို ကိုင်တွယ်ဖြေရှင်းရန် အတွက် ရေရှည် မိတ်ဖက်များကို ရှာဖွေပေးသည့် နိုင်ငံ အထောက်အပံ့ ပရိုဂရမ်များ၊
- ပံ့ပိုးကူညီမှုပေးရန် တောင်းဆိုမှု အသီးသီးနှင့် ပတ်သက်ပြီး လျှင်လျှင်မြန်မြန်နှင့် အလိုက်အထိုက် တုန့်ပြန်နိုင်မည့် အရေးပေါ်လုပ်ဆောင်ချက်များ၊
- စံပြ ကျင့်သုံးလုပ်ဆောင်မှုများကို မျှဝေနိုင်သလို အရပ်ဘက်အဖွဲ့အစည်းမှ လှုပ်ရှားသူများ ပါဝင်ပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသည့် ပလက်ဖောင်းကို တည်ဆောက်ပေးသည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲ၊

သက်ဆိုင်ရာ နိုင်ငံ၏ တိုက်ရိုက် တောင်းဆိုမှု အရ သက်ဆိုင်ရာ ပရောဂျက်ကို ကူညီထောက်ပံ့ပါသည်။ နောက်ထပ်အချက်အလက်များကို ဝဘ်ဆိုဒ် (https://export-control.jrc.ec.europa.eu /projects/Arms-Trade-Treaty)သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

### 6.2.5 နှစ်ဦးနှစ်ဖက် အကူအညီအထောက်အပံ့

နှစ်ဦးနှစ်ဖက် အကူအညီအထောက်အပံ့ နည်းလမ်းကို အခြေခံပြီး ATTအကောင်အထည်ဖော်ဆောင်ရန် အတွက် ဘဏ္ဍာရေး၊ နည်းပညာ အထောက်အပံ့ကို ပေးကြသည့် ထောက်ပံ့နိုင်ငံ အများအပြား ရှိသည်။ ဤ အထောက်အပံ့ကို ရယူလိုသည့် နိုင်ငံများအနေနှင့် ထောက်ပံ့သည့် နိုင်ငံသို့ တိုက်ရိုက် ဆက်သွယ်ရမည်။

## 6.3 မည်သည့် နည်းပညာ ထောက်ပံ့မှုများကို ရရှိနိုင်သနည်း

နိုင်ငံများသည် သဘောတူ စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရန် အတွက် နည်းပညာဆိုင်ရာ ကဏ္ဍနှင့် စပ်လျဉ်း၍ နဂို လက်ရှိ အဖွဲ့ဝင် နိုင်ငံများ၏ အကူအညီ အထောက်အပံ့များကို တောင်းခံနိုင်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ရှိ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ATT အကောင်အထည်ဖော်ဆောင်မှုနှင့် ဆက်စပ်သည့် အကြံပေးအဖွဲ့/ပညာရှင်များ ရှိနေပြီး ATT အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ ကဏ္ဍမျိုးစုံမှ နည်းပညာဆိုင်ရာ အကူအညီများကို ပေးဆောင်နိုင်သည်။ ATTအတွင်းဝန်ရုံးသည် မည်သူ့ကို မည်သည့် နည်းဖြင့် ချဉ်းကပ်ရမည် ဆိုသည့် အချက်နှင့် ပတ်သက်ပြီး အကြံဉာဏ်များကို ပေးဆောင်နိုင်သည်။

ဖြည့်စွက်ချက်) နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့/ပညာရှင်များသည် လက်တွေ့လမ်းညွှန်မှုများ၊ သုတေသန စာတမ်းများနှင့် အခြား ကိရိယာများ (အထောက်အကူပြုစာတမ်းများ-tools)ကို တီထွင် ဖန်တီး သုတေသန ပြုလုပ်ခဲ့ပြီး ATT အလုပ်အဖွဲ့နှင့် သဘောတူ စာချုပ် အကောင်အထည်ဖော်ဆောင်သည့် နည်းလမ်းနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ အကြံပေးခြင်း၊ လမ်းညွှန်ချက်များကို ပေးဆောင်သည်။

[နောက်ကျော အဖုံး]

(စာချုပ်နှင့် သက်ဆိုင်သည့်)ရင်းမြစ် စာတမ်းများ ၊ (အထောက်အကူပြုစာတမ်းများ-tools)ကိရိယာ ၊ လမ်းညွှန်ချက် အစရှိသည်များ ပါဝင်သည့် သဘောတူ စာချုပ်နှင့် သက်ဆိုင်သည့် ပိုမို အသေးစိတ်ကျသည့် အချက်အလက်များကို ATT ဝဘ်ဆိုဒ် (https://www.thearmstradetreaty.org/)တွင် ရှာဖွေနိုင်ပြီး ATTအတွင်းဝန်ရုံး (info@thearmstradetreaty.org)မှ ရယူနိုင်သည်။

***